# ကွန်တောင်ကျေးရွာ
# ဘုတ်ပြင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၀-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီအဖွဲ့

ကွန်တောင်ကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


၁။ စကားချီး ---------- ၁

၂။ ရည်ရွယ်ချက် ---------- ၂

၃ ကျေးရွာကော်မတီဝင်များစာရင်း ---------- ၃

၄။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ ---------- ၄

(က) တည်နေရာ ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား ---------- ၄

( ခ ) သဘာဝအရင်းအမြစ်များ ---------- ၅

၅။ စီမံကိန်းဇယားများ ----------

၁။ ကျေးရွာလူမှုစီးပွားရေးအခြေအနေ ---------- ၆

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ---------- ၆

( ခ ) အလုပ်လုပ်နိုင်သူအင်အား ---------- ၆-၉

( ဂ ) သဘာဝရင်းမြစ်များ ---------- ၉-၁၁

(ဃ) ဥစ္စာခနအဆင့်အခြေအနေ ---------- ၁၁

( င ) ထိခိုက်လွယ်မှု ---------- ၁၂-၁၅

၂။ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ---------- ၁၅

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ ---------- ၁၅-၁၆

( ခ ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ---------- ၁၆-၂၄

( ဂ ) ရွှေ့ပြောင်းလုပ်သားများ ---------- ၂၅-၂၆

(ဃ) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် ---------- ၂၆

( င ) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း ---------- ၂၇

( စ ) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များစီမံခန့်ခွဲမှု ---------- ၂၇-၂၈

(ဆ) ပညာရေး ---------- ၂၈-၃၁

( ဇ ) ကျန်းမာရေးနှင့်အဟာရ ---------- ၃၁-၃၃

(ဈ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ---------- ၃၃-၃၄

(ည) ကျား-မရေးရာ ---------- ၃၄

(ဋ) အခြေခံအဆောက်အဦများအခြေအနေ ---------- ၃၄-၃၆

(ဌ) လျှပ်စစ်မီးရရှိမှု ---------- ၃၆

(ဍ) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ ---------- ၃၆

(ဎ) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး ---------- ၃၇

(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေးအခြေအနေ ---------- ၃၇-၃၈

၆။ နောက်ဆက်တွဲများ ---------- ၃၉

(က) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ---------- ၃၉-၄၂

( ခ ) အခြေခံအဆောက်အဦနှင့်ဦးစားပေးလုပ်ငန်းများ ---------- ၄၃

( ဂ ) အဆိုပြုစီမံချက်များ ---------- ၄၄-၄၅

(ဃ) နှစ်အလိုက်စီမံချက်များ ---------- ၄၆-၅၃

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ လူထုပါဝင်ရေး ဆွဲထားသည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံညဏ်များ တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတစ်ဆင့် ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိ လာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွပ်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု ထက်ဝန်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက် လက်ရရှိမည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟု ယုံကြည်မိပါသည်။

**ဒီဇင်ဘာလ၊ ၂၀၂၁**

**ကွန်တောင်ကျေးရွာ**

**ဘုတ်ပြင်းမြို့နယ်**

## ၂။ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပါသည်။ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အကြောင်းအရာများနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်သူ အားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။


## ၃။ ကွန်တောင်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များစာရင်း

| စဉ် | အမည် | တာဝန် | မှတ်ပုံတင်အမှတ် | အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးမင်းလတ် | ဥက္ကဋ္ဌ | ၆/ဘပန(နိုင်)၀၃၀၄၄၅ | ဥယျာဉ် | |
| ၂ | ဦးအေးရှိန် | အတွင်းရေးမှူး | ၆/ဘပန(နိုင်)၀၃၀၄၅၃ | ရေလုပ်ငန်း | |
| ၃ | ဒေါ်ဆန်းရီ | ဘဏ္ဍာရေးမှူး | ၆/မအရ(နိုင်)၀၃၀၂၂၂ | ရောင်းဝယ် | |
| ၄ | ဦးညွန့်ဝင်း | စာရင်းကိုင် | ၆/ဘပန(နိုင်)၀၁၇၀၂၆ | ရောင်းဝယ် | |
| ၅ | ဦးထွန်းဇော်လတ် | အဖွဲ့ဝင် | ၆/ဘပန(နိုင်)၀၄၄၀၅၈ | ရေလုပ်ငန်း | |
| ၆ | ဒေါ်ဖြိုးဖြိုးဝေ | အဖွဲ့ဝင် | ၆/ဘပန(နိုင်)၀၃၅၅၃ | ရောင်းဝယ် | |
| ၇ | ဒေါ်လှဲ့လှဲ့ခိုင် | အဖွဲ့ဝင် | ၆/ဘပန(နိုင်)၀၃၀၅၃၆ | ရောင်းဝယ် | |
| | **စုစုပေါင်း** | **(၇)ဦး** | | | |

## ၄။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား


ကွန်တောင်ကျေးရွာသည် ဘုတ်ပြင်းမြို့၏မြောက်ဘက် ရေမိုင်(၂၀)တွင် တည်ရှိသော ကုန်းနှင့် ရေဆက်စပ်သောကျေးတစ်ရွာ ဖြစ်ပါသည်။ အိမ်များမှာလဲတစ်စု တစည်းတည်း ဆောက်လုပ် နေထိုင်ကြပါသည်။ အရှေ့ဘက်တွင် ရေငံကြီးကျေးရွာ၊သဲတန်းငယ်ကျေးရွာ၊ ရေငံတောင်ငယ် ကျေးရွာတို့ တည်ရှိပါသည်။ တောင်ဘက်တွင် ကဗျကျေးရွာတို့ တည်ရှိပါသည်။ ကွန်တောင်ကျေးရွာသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများနေထိုင်ကြပါသည်။ ရာသီဥတုမှာ မိုးများပြီး စိုစွတ်သော ဒေသဖြစ်ပါသည်။



### (ခ) သဘာဝအရင်းမြစ်များ

ကွန်တောင်ကျေးရွာသည်ရေနှင့်ကုန်းစပ်တွင်တည်ရှိပြီး ပင်လယ်ရွာလေး တစ်ရွာဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ အိမ်ထောင်စုများမှာ ရေလုပ်ငန်းကိုသာအဓိက လုပ်ကိုင်ကြပြီး ဂဏန်းထောင်ခြင်း၊ ကျားပါးစပ်ထောင်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းကြပါသည်။ အများစုမှာနေ့စားအလုပ်သမားများနှင့် လခစားများဖြစ်ကြပါသည်။ ကျေးရွာအား လာရောက်မည်ဆိုပါက ရေလမ်းခရီးဖြင့်လည်းကောင်း၊ ကုန်းလမ်းခရီးဖြင့်လည်းကောင်းလာရောက်နိုင်ပါသည်။ နွေကာလတွင် လာရောက်ရန်မှာ ကောင်းမွန်ပါသည်။ မိုးကာလတွင်လာရောက်မည်ဆိုပါက လှိုင်းကြီးသည့်အတွက် လာရောက်ရန် အခက်အခဲ အနည်းငယ်ရှိပါသည်။ရွာတွင်းလမ်းမှာသစ်သားလူသျှောက် လမ်းများဖြင့် တည်ဆောက်ထားကြပါသည်။ အခြားကျေးရွာများသို့သွားရောက်မည်ဆိုပါလျှင် ရေကြောင်းလမ်းဖြင့် သွားရပါသည်။ နာမကျန်းဖြစ်ပါက ဆေးပေးခန်းမရှိခြင်းကြောင့်ဆေးများအား ကြိုတင်ဝယ်ယူကြရပါသည်။ မသက်သာပါက ရေငံကြီး ကျေးရွာအား သွားရောက်ဆေးကုသကြရပါသည်။ အခြေအနေဆိုးရွားပါက မြိတ်မြို့သို့လှေဖြင့် သွားရောက်ကုသရပါသည်။ နွေရာသီတွင် ရေအခက်အခဲရှိပါသည်။

**အရင်းမြစ်ပြမြေပုံ**



## ၅။ စီမံကိန်းဇယားများ

**ကျေးရွာ- ကွန်တောင်** **အုပ်စု - ရေငံကြီး** **နေ့စွဲ - ၂၅.၁၂.၂၀၂၁**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၃ | ၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၀ | ၂၅ | ၄၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၆ | ၃၉ | ၇၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၅ | ၂၈ | ၅၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၇ | ၁၃၁ | ၂၄၈ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၃ | ၄ | ၇ |
| **စုစုပေါင်း လူဦးရေ = ၄၃၇** | | ၂၀၇ | ၂၃၀ | ၄၃၇ |
| **စုစုပေါင်း အိမ်ထောင်စု =၁၀၂** | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် အိမ်ထောင်စု(၁၀၂)စုရှိပြီး လူဦးရေ စုစုပေါင်း (၄၃၇)ဦးရှိပါသည်။ ၁၅နှစ်မှ ၆၅နှစ်အထိ အလုပ်လုပ်နိုင်သူဦးရေမှာ ( ၂၄၈ )ခန့်ရှိပြီး ၁၅နှစ်အောက် လူဦးရေနှင့် ၆၅ နှစ်အထက်မှီခိုသူဦးရေ (၇)ခန့်ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင် လျှင် (၄.၃%)ဦးရှိပြီး အိမ်ထောင်စု၏အမျိုးသားအဆင့် လူဦးရေအထိရှိပါသည်။ အလုပ်လုပ် နိုင်သူဦးရေများပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာလျှင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် အထောက်အကူ ဖြစ်နိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူအင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | | ၈ | ၃ | တစ်နိုင်တစ်ပိုင်( ကွမ်း၊ သီဟိုဠ်၊ အခြားသီးနှံများ...) |
| | အလုပ်သမား၊ ဝန်ထမ်း | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၁ | | ၆၁ | ၁၂ | (ငါး၊ ပုဇွန်၊ ဂဏန်း) ရောင်းဝယ် |
| | အလုပ်သမား၊ ဝန်ထမ်း | ၄ | | ၄ | ၂ | လှေဌားလိုက်ခြင်း၊ အစုအစပ်လုပ်ကိုင်ခြင်း |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | – | - | လက်သမား၊ ပန်းရံ |
| | အလုပ်သမား၊ ဝန်ထမ်း | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | | ၁ | - | လက်လီလက်ရောင်းဝယ်ရေးနှင့် ကုန်ပစ္စည်းများရောင်းဝယ်ရေး |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | |
| ၁၅ | **သစ်တောလုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး/ကာကွယ်ရေး/ဘေးကင်းလုံခြုံရေး)** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၁၇ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | | ပညာရေးဝန်ထမ်း |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၁၈ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ဝန်ထမ်း | - | - | - | - | - |
| | **စုစုပေါင်း** | ၈၅ | ၁၀၀% | ၇၄ | ၁၇ | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာ (၄၃၇) ဦးဖြစ်ပြီး ကျား(၂၀၇)ဦးနှင့်မ(၂၃၀)ဦးရှိပါသည်။ ကွန်တောင်ကျေးရွာတွင် ရေလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး ကျေးရွာ၏(၆၀%) ရှိသည်ကို တွေ့ရှိရပါသည်။ ရေလုပ်ငန်းအပေါ်ရပ်တည်မှုသည် အလယ်အလတ် အဆင့်တွင် ရှိပါသည်။ အကြောင်းမှာ အလုပ်အကိုင်ရှိသော်လည်း ဈေးကွက်ချုပ်ကိုင်ထားခံရခြင်း၊ ငါး၊ ပုဇွန် ရှားပါးလာခြင်းတို့ကြောင့်ဖြစ်သည်။ ရေလုပ်ငန်းအပြင် ဥယျာဉ်ခြံမြေကိုလည်း တွဲဖက် လုပ်ကိုင်လာလျှက်ရှိသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | ဥယျာဉ်ခြံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | တစ်နိုင်တစ်ပိုင်မွေးမြူ |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | – | – | – | – | ကိုယ်ပိုင်လုပ်ကိုင်သူများပြား |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက် | နေ့စား | - | - | - | - | မရှိ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | ငပိလုပ်ငန်းသာလုပ်ကိုင်လျှက်ရှိ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | – | – | – | – | မရှိ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | – | – | – | – | မရှိ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | – | – | – | – | မရှိ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | – | – | – | – | မရှိ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | မရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာသည် ပင်လယ်ရွာဖြစ်သောကြောင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ခြင်းမရှိပါ။ ဥယျာဉ်ခြံများကိုလည်း ရေလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သည့် အိမ်ထောင်စုကများသည်။ရေလုပ်ငန်းတွင်အငှားလုပ်ကိုင်သူရှားပါးလျှက်ရှိသည်ကိုတွေ့ရပြီးအများစုသည်ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ များပြားလျှက်ရှိသည်။ ကျေးရွာတွင် ငပိ လုပ်ငန်းကိုတစ်နိုင်တစ်ပိုင်လုပ်ကိုင်သူများရှိပြီး ငပိလုပ်ငန်းလုပ်ရာ၌ ကုန်ကြမ်းပေါ်များ သောအချိန်တွင် ကျေးရွာမှ နေ့စားသော်လည်းကောင်း၊ ငပိအချိန်ပေါ်တွင်မူ တည်၍သော်လည်း ပေးလေ့ရှိသည်။ ငပိအချိန် (၁၀၀)တွင် ငွေကျပ်(၅၀၀၀) ကျပ်သာရရှိသည်။ တောခုတ်နေ့စားတွင်လည်း အမျိုးသားများကိုသာ ဦးစားပေးငှားရမ်းမှုများပြုလုပ်ကြပြီး အမျိုးသမီးအများစုကို လုပ်အားမတွင်သောကြောင့် ခေါ်ယူငှားရမ်းခြင်းများ ပြုလုပ်ခြင်းမရှိပေ။ အမျိုးသမီးများမှာ အိမ်တွင်အိမ်မှုကိစ္စများကိုသာလုပ်ကိုင်လျှက်ရှိပြီး အလုပ်လက်မဲ့က များပြားလျှက်ရှိသည်။ အမျိုးသမီးများအတွက် ဝင်ငွေရလုပ်ငန်းဖြစ်သော လုပ်ငန်းများကိုချိတ်ဆက် လုပ်ဆောင်ပေးပါက ပိုမိုကောင်းမွန်မည်ဖြစ်သည်။

### (ဂ) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ရေအရင်းအမြစ် |
|---|---|---|---|
| လယ်မြေ | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ရေအရင်းအမြစ် |
|---|---|---|---|
| ယာမြေ | | | |
| တောင်ယာမြေ | | | |
| ဥယျာဉ်ခြံမြေ | ၄၉၅.၅ | မိုးနှင့်အတူစိုက်(ကောင်း) | မိုးရေကိုသာအားထားသောလည်း တွင်းရေကိုတစ်ခါတစ်ရံအသုံးပြုလျှက်ရှိသည် |
| ကိုင်း/ကျွန်းမြေ | | | |
| ဓနိတောမြေ | | | |
| စားကျက်မြေ | | | |
| ပလပ်မြေ | | | |
| **စုစုပေါင်း** | **၄၉၅.၅** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်**။ ။ ရေအရင်းအမြစ် - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး ဥယျာဉ်ခြံလုပ်ငန်းလုပ်ကိုင်သူနည်းပါးသည်။ ဥယျာဉ်ခြံလုပ်သားများမှာရော်ဘာနှင့် ကွမ်းကိုသာ အဓိက စိုက်ပျိုးသည်ကိုတွေ့ရသည်။ ဥယျာဉ်ခြံစိုက်ပျိုးချိန်တွင် တောခုတ်၊ ပေါင်းရှင်းပြီး ချိန်တွင်သာစိုက်ပျိုးကြပြီး၊ မြေဩဇာများမှာ မီးရှို့ထားသောကြောင့် ကောင်းမွန်လျှက် ရှိသည်။ မိုးကာလတွင်အများဆုံးစိုက်ပျိုးကြပြီး တစ်ခါတစ်ရံတွင်းရေကို လည်းအသုံးပြု လျှက်ရှိသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/အသုံးမပြုနိုင်ပါ) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့/ရေနံ/ကျောက်မျက်စသည်) | မရှိ | - |
| ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ | ရှိ | - |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | တောရိုင်းတိရစ္ဆာန်မျိုးစိတ်များမရှိ | တွေ့ရန်မလွယ်ကူ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | ရှိသော်လည်းအသုံးမချနိုင် | လက်လှမ်းမမှီ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် သဘာဝသယံဇာတများမထွက်ရှိသော်လည်း ကျေးရွာ၏အနီးဝန်းကျင်တွင် သဲ၊ ကျောက်များကိုများ ထုတ်ယူ သုံးစွဲနိုင်သည်။ သယ်ယူရန်အတွက်သာ ခက်ခဲမှုများရှိသည်။ ပင်လယ်ကျွန်းရွာဖြစ်သောကြောင့် တောရိုင်းတိရစ္ဆာန်များကိုလည်း တွေ့ရန် ခက်ခဲလျှက်ရှိသည်။ ကျေးရွာအနီးတွင် ဆေးဖက်ဝင်သောအပင် များရှိသော်လည်း ရွာသားများ နားမလည်မှုများကြောင့် အသုံးမပြုမှုများ ရှိသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ဥယျာဉ်ခြံ၊ကိုယ်ပိုင် အိမ်မြေနေရာ | ဥယျာဉ်ခြံ၊ ကိုယ်ပိုင်အိမ်မြေနေရာ | ၁၀ဧကအောက် | အိမ်ငှားနေထိုင်ခြင်း၊ ပိုင်ဆိုင်မှုမရှိ |
| အိမ်အခြေအနေ | ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး | ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး | ဓနိမိုး၊ယိုင်ကာ | ဓနိမိုး၊ဓနိကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကွမ်းသီး၊ ဂဏန်း၊ ပုဇွန် | ကွမ်းသီး၊ ဂဏန်း၊ ပုဇွန် | ဂဏန်း | ဂဏန်း |
| အဓိကစီးပွားရေး လုပ်ငန်း | ဥယျာဉ်ခြံ၊ အဝယ်ဒိုင်၊ ကုန်စုံဆိုင် | ဥယျာဉ်ခြံ၊ ဂဏန်း၊ ပုဇွန် | ရေလုပ်သား | ကျပန်း |
| အခြားပိုင်ဆိုင်မှု | အိမ်ထောင်ပရိဘောဂ၊ စက်လှေ၊ ဆိုင်ကယ်၊ ဖုန်း.... | အိမ်ထောင်ပရိဘောဂ၊ စက်လှေ၊ ဆိုင်ကယ်၊ ဖုန်း.... | စက်လှေငယ်၊ ဖုန်း | စက်လှေငယ် |
| အိမ်ထောင်စု - | | | | |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုများသည် ကိုယ်ပိုင်လုပ်ငန်းကိုအများဆုံး လုပ်ကိုင်သူများဖြစ်ကြသည်။ ၎င်းတို့၏ ပိုင်ဆိုင်မှုများမှာလည်း ပိုမိုများပြားလျှက်ရှိသည်။ အဆင်မပြေသောအိမ်ထောင်စုများသည် ကိုယ်ပိုင်လုပ်ငန်းရှိသော်လည်း ကျေးရွာအတွင်းတွင် ၎င်းတို့ရရှိလာသောရေသယံဇာတများ ရောင်းချရာတွင် ဈေးကောင်းမရရှိခြင်း၊ နေ့စားလုပ်ကိုင်သူများသည် ပုံမှန်ဝင်ငွေမရရှိခြင်းတို့ကြောင့် မိသားအခက်အခဲများကြုံတွေ့ရသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေ အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|
| ၃ လ အောက် | ၃ | သူဌေးထံတွင်ချေးယူ |
| ၃ လနှင့် ၆ လကြား | ၁၀ | သူဌေးထံတွင်ချေးယူ |
| ၆ လ မှ ၁၂ လ အထိ | ၂၀ | သူဌေးထံတွင်ချေးယူ |
| **စုစုပေါင်း** | **၃၃** | |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် အဆင်မပြေသောအိမ်ထောင်စုများသည် ရေလုပ်ငန်းကျပန်းသော်လည်း၊ ဥယျာဉ်ခြံများတွင် တောခုတ်အငှားလိုက်ခြင်းများကိုလည်း လုပ်ကိုင်လျှက်ရှိသည်။ အများစုသည် လုပ်ကိုင်၊ ရင်းနှီးစားသောက်ရန် အတွက် ထောင်ကဲထံမှအများဆုံးချေးငှားခြင်းလုပ်ကြပါသည်။ ၆လပိုင်းမှ ၁၂လပိုင်းအထိ အဆင်မပြေမှုများကြုံတွေ့ရလေ့ရှိသည်။ စားဝတ်နေရေး အပိုင်းတွင်အဆင်ပြေသော်လည်း ကျန်းမာရေးနှင့်ပညာရေးပိုင်းတွင်အများဆုံးသုံးစွဲခြင်းတို့ကြောင့် အကြွေးတင်မှုများရှိသည်။ ၎င်းတို့အတွက် ဝင်ငွေတိုးတက်စေရန် မွေးမြူရေးပိုင်းတွင် ပိုမိုအဆင်ပြေမည်ဖြစ်သည်။ စိုက်/မွေး မဟုတ်သော တစ်ခြားသော အသက်မွေးမှုများကိုလည်း ထောက်ပံ့ပေးပါက လည်းအဆင်ပြေမည်ဖြစ်သည်။စိုက်ပျိုးရေးကိုပြုလုပ်ပါက ပင်လယ်ဒေသဖြစ်သောကြောင့် မြေနေရာ အခက်အခဲ ရှိမည်ဖြစ်သည်။

### (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၃ | ၄ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | ၁ | ၂ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃စုခန့်ရှိသည်။ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁စုခန့်ရှိသည်။ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၅စုခန့်ရှိသည်။ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် မိသားစုများသော အိမ်ထောင်စု (၄)စုခန့်ရှိပြီး ဂဏန်းထောင်ခြင်း၊ နေ့စားအငှားလုပ်ငန်းကိုလုပ်ကိုင်ကြသည်။ မုဆိုးဖို

မိသားစုများသော အိမ်ထောင်စု ဂဏန်းထောင်ခြင်း၊နေ့စားငါးဖမ်းလုပ်ကိုလုပ်ကိုင်ကြသည်ကို တွေ့ရသည်။ နေ့ပြန်တိုး အနေဖြင့်(၁သိန်း)ချေးလျှင် တစ်နေ့(၂၀၀၀)ပြန်သွင်းပေးရသည်။ အချို့အိမ် ထောင်စုများမှာ ကျေးရွာတွင်းလုပ်ကိုင်စားသောက်ရန် ခက်ခဲသောကြောင့် ထိုင်းနိုင်ငံ၊ အခြား ဒေသများသို့သွားရောက် လုပ်ကိုင်သူများလည်းရှိပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် | ဖူလုံပါသည်။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | ယင်ခင်စိုက်ပျိုးရန်မြေနေရာသာအသုံးချ၊ ရေသယံဇာတများလည်းရှားပါးလာ |
| ၃ | ရေကြီးခြင်း | လတ် | ရေထရက်များတွင် ရေကြီးလေ့ရှိသည်။ သတင်းကျွတ်လ၊ ကဆုန်လ၊ တပေါင်းလ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မရှိပါ။ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | ဆောင်းတွင်း၌ဖြစ်လေ့ရှိသည်။ |
| ၆ | မုန်တိုင်း | မရှိ | မုန်တိုင်းမရှိသော်လည်း တစ်ခါတစ်ရံလေပြင်းတိုက်ခတ်မှုများရှိသည်။ |
| ၇ | ငလျင် | မရှိ | – |
| ၈ | မီးဘေး | နိမ့် | လွန်ခဲ့သော (၇) နှစ်ခန့်တွင် မီးလောင်ခဲ့ဖူး |
| ၉ | ဆားငန်ရေဝင်မြေ | ရှိ | အပင်သေမှုမရှိပါ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | ရှိ | လွန်ခဲ့သော ၁၉၉၉ခုနှစ်တွင် ရေတိုက်စားမှုကြောင့်မြေပြို ဖူးခဲ့ပါသည်။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ | မီးသွေးဖုတ်သူများပြားခြင်းနှင့် ဥပျာဉ်ခြံအလွန်အကျွံခုတ်ထွင်ခြင်းတို့ကြောင့် ဒီရေတောပြုန်းတီးလာခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ကျေးရွာတွင်း ကျန်းမာရေးလုပ်သား (၁) ဦးရှိ |
| ၁၃ | တီဘီရောဂါ | နိမ့် | (၁) ဦးသေဆုံးဖူး |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | ၂၀၁၆ ခုနှစ်တွင် ကြက်နာ၊ ဝက်နာကျရောက်ဖူး |
| ၁၇ | လူကုန်ကူးခြင်း | မရှိ | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | လတ် | မိုးရာသီလှိုင်းကြီးသောအခါအခက်အခဲရှိပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် မိုးရာသီတွင် နှာစေးချောင်းဆိုး ရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိသည်။ ငှက်ဖျားရောဂါမှာ ပုံမှန်ဖြစ်ပွားသော်လည်း ကျေးရွာတွင်း ငှက်ဖျားလုပ်သားတစ်ဦးရှိကြောင့် ဖြစ်ပွားမှုနည်းပါးပါသည်။ မီးသွေးပြုလုပ်ရန် ဒီရေတောအလွန် အကျွံခုတ်ထွင်မှုကြောင့် ၎င်းတို့ကို မှီခိုကျက်စားနေသော ငါး၊ ပုဇွန်များရှားပါး လာသည်ဖြစ်သည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးသုံးစွဲမှုများသည်။ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | အိမ်ထောင်စု (၃) စုခန့် |
| ၃ | ဆင်းရဲသားတောင်သူ | မရှိ | - |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | မြင့် | တောင်အောက်တွင်နေထိုင်ကြသည်။ |
| ၅ | ပင်လယ်မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် | အလွယ်တကူထိခိုက်နိုင်သော (၁၀) အိမ်ထောင်စုရှိသည်။ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ | – |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် | တစ်ရွာလုံး ဒီရေအတက်အကျရှိသော ရွံ့ပေါ်တွင် အိမ်များဆောက်လုပ်ထားပါသည် |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | – |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | ကျပန်းလုပ်ကိုင်သူများပြား |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ | ရခိုင်လူမျိုး (၂) ခန့်ရှိသည်။ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မရှိ | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ | - |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ | - |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မရှိ | - |
| ၁၆ | နေရပ်ပြန် အခြေချသူများ | မြင့် | ခေတ္တလာရောက်နေထိုင်ကြပြီး လုပ်ကိုင်စားသောက်သူ (၁၁) အိမ်ထောင်စု |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မရှိ | - |
| ၁၈ | ကားသမား | မရှိ | – |
| ၁၈ | ဆေးစွဲသူများ | မြင့် | ဆေးစွဲသူများသောကြောင့်အန္တရာယ်ကျရောက်နိုင်သည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် လူငယ်များအတွက် မူးယစ်ဆေးသုံးစွဲ

မှုများသောကြောင့် ပျက်စီးမှုများပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများအားရွာမှ ထောက်ပံ့ပေးမှုများရှိပါသည်။ မြေနိမ့်ပိုင်းနေထိုင်သူများမှာ ရေတက်လာချိန်တွင် လေတိုက်လာလျှင် လှိုင်းကြီးတတ်ပြီး ခြေတံရှည်အိမ်များဖြင့်ဆောက်လုပ်နေထိုင်ကြသည်။ တစ်ခါတစ်ရံအိမ်များ ပင်ရေမြုပ်သွားသော့ရှိသည်။ သစ်သားတံတားများ ဖြစ်ပြီး ခိုင်ခံ့မှုအားနည်းနေသည်ကိုလည်း တွေ့ရပါသည်။ ထိုင်းနိုင်ငံမှ ကျေးရွာသို့ပြန်လည် အခြေချနေထိုင်ပြီး လုပ်ကိုင်စား သောက်သူများလည်း ရှိသည်။ လက်လုပ်လက်စားကျပန်း သမားများမှာ ဂဏန်းကောက်၊ ပိုက်လှေ လိုက်ခြင်း၊ ဂျင်းကောက်၊ ပကန်းနှိုက် အလုပ်များလုပ်ကိုင်ကြပြီး ရေကြီးချိန်များတွင်အန္တရာယ် ကျရောက်နိုင်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | မိဘဆရာ | ၂ | ၂ | ၃ | ၅ | ဘာသာရေး | ကောင်း |
| ၂ | ကာလသား/သမီး | ၃ | ၂၀ | ၁၂ | ၃၂ | ရပ်ရေးရွာရေး | ကောင်း |
| ၃ | မိခင်နှင့် ကလေး | ၂ | – | ၇ | ၇ | နာရေးလုပ်ငန်း | ကောင်း |
| ၄ | အရံမီးသတ် | ၂ | ၂၀ | – | ၂၀ | ရပ်ရေးရွာရေး | ကောင်း |
| ၅ | အုပ်ချုပ်ရေး | ၂ | ၃ | – | ၃ | ဘာသာရေး | ကောင်း |
| ၆ | ဂေါပက | ၃ | ၂ | – | ၂ | ပညာရေး | ကောင်း |
| ၇ | မိန်းမကြီးအဖွဲ့ | ၂ | – | ၂၀ | ၂၀ | ရပ်ရေးရွာရေး | ကောင်း |
| | **စုစုပေါင်း** | | **၄၇** | **၄၂** | **၈၉** | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၄) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၅) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၆) ညံ့ (အားနည်း) - ကြံ့သလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် ဘုန်းကြီးကျောင်းဂေါပကအဖွဲ့များမှ ဘုန်းကြီးကျောင်းဝေယျာဝစ္စများကိုလုပ်ကိုင်ကြပြီး ပညာရေးအဖွဲ့များမှာ ကျောင်းတွင်လိုအပ်နေ သောကိစ္စများကိုဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည်ကိုတွေ့ရသည်။အုပ်ချုပ်ရေးအပိုင်း၊အရံမီးသတ်အဖွဲ့များသည်ကျေးရွာ၏ လုံခြုံရေးအပိုင်းကို တာဝန်ယူလုပ်ကိုင်ပေးလျှက်ရှိသည်။ ကာလသားအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ နှင့်ရပ်ရွာသာရေး ၊နာရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ကြသည်ကို တွေ့ရ သည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ERLIP | ၃ | ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေးစီမံကိန်း |
| ၂ | မြန်မာနိုင်ငံဆရာဝန်အသင်း | ၂ | ၄က်ဖျားတိုက်ဖျက်ရေး |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုလာရောက်လုပ်ဆောင်ပေးခြင်းမရှိသေးပေ။ (၂၀၁၆) ခုနှစ်တွင် ERLIP အဖွဲ့အစည်းမှ ကျေးရွာ၏အခက်အခဲပြဿနာများကို ဖော်ထုတ်လုပ်ဆောင်ပေးပြီး ရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်များကိုရေးဆွဲပြီး ဦးစားပေးရွေးချယ်မှုဖြစ် ဒုတိယနှစ်စီမံကိန်းတွင် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟူ၍ လျားထားမှုများရှိပါသည်။ ၎င်းစီမံကိန်း သည် သုံးနှစ်ဆက်တိုက် အကောင်ထည်ဖော်ဆောက်ရွက်သွားမည်ဖြစ်ပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံဆရာဝန်အသင်းမှ ငှက်ဖျားသွေး စစ်ဆေးပေးခြင်းနှင့် ခြင်ထောင်ပေးဝေခြင်း များကို လာရောက်လုပ်ဆောင်ပေးမှုများရှိပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

## (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၆ | - |
| ၂ | ၂.၅ ဧက အောက် | ၂၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက အောက် | ၁၁ | တောင်သူငယ် |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၄ | ၅ ဧကမှ ၁၂.၅ ဧက အောက် | ၁၀ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၁၅ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၀၂** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာရှိအိမ်ထောင်စုများမှာ ဥယျာဉ်ခြံများလုပ်ကိုင်သူ ထက်ဝက်ခန့်ရှိသည်။ရေလုပ်ငန်းနှင့်ဥယျာဉ်ခြံတွဲဖက်လုပ်ကိုင်လျှက်ရှိပြီး ရေသယံဇာတရှားပါးလာခြင်းတို့ကြောင့်ဥယျာဉ်ခြံစိုက်ပျိုးမှုများပြားလာပါသည်။ဥယျာဉ်ခြံလုပ်ကိုင်သူများမှာရော်ဘာနှင့်ကွမ်းကိုသာ အဓိက စိုက်ပျိုးကြသည်ကိုတွေ့ရပါသည်။အချို့အိမ်ထောင်စုများမှာရေလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြပါသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - |
| ၄ | ရေသွင်းမြောင်း | - | - | - |
| ၅ | အဝီစိတွင်း | | – | – |
| ၆ | လက်ငင် ရေတွင်း | ၂ | ရာသီအလိုက် | ရှိ |
| ၇ | စိမ့်စမ်းရေ | ၈၃ | တစ်နှစ်ပတ်လုံး | ရှိ |
| ၈ | ချောင်းရေ | | - | - |

ရင်းမြစ် (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် စိုက်ပျိုးမြေနေရာအတွက် ရေသွင်း စိုက်ပျိုးရန်မလိုအပ်ပေ။မိုးရေကိုသာအဓိကထားစိုက်ပျိုးလျှက်ရှိသည်။ကျေးရွာ၏ ဘေးပတ်ဝန်းကျင်တွင်ချောင်းရေ၊ စိမ့်စမ်းရေများ ပေါများလျှက်ရှိသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နည်း/လတ်/များ) | အမြတ်ရရှိနိုင်မှု (နည်း/လတ်/များ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| ကွမ်းသီး | ၁ဧက (၄၀၀)ပင် | ပိဿာ | ၃၀၀ | ၄၀၀ | ၃၅၀ | ၆ လပိုင်း | ၁၀ လပိုင်း | များ | လတ် | နှစ်ရှည်သီးနှံ |
| သီဟိုဋ္ဌ် | ၁ဧက (၃၅၀)ပင် | ပိဿာ | ၂၀၀ | ၃၀၀ | ၂၅၀ | ။ | ။ | များ | များ | ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် ဥယျာဉ်ခြံများလုပ်ကိုင်သူရှိသော်လည်း ရေလုပ်ငန်းကိုသာအဓိကလုပ်ကိုင်ကြပါသည်။ ကွမ်းပင်ကို အဓိကထားစိုက်ပျိုးပြီး သီဟိုဠ်ကို ကြားသီးနှံဖြစ် စိုက်ပျိုးလျှက်ရှိသည်။ ကွမ်းသီးပင် ၁ဧကကို အပင် (၄၀၀) ထည့်သွင်း စိုက်ပျိုးလျှက်ရှိသည်။ နွေကာလတွင် အပူရှိန်လွန်ကဲပြီး အပင်သေဆုံးမှုများပြားပြီး အပင်များကို ပြန်လည်အစားထိုးစိုက်ပျိုးလျှက်ရှိသည်။ ရေလုပ်ငန်းမှရရှိလာသော အကျိုးအမြတ်များကို ဥယျဉ်ခြံထဲသို့ သွင်းအားစု လိုအပ်ချက်များ ထည့်သွင်း ရလေ့ရှိသည်။ တစ်ခါတစ်ရံ ငွေကြေးမတတ် နိုင်သောကြောင့် တောခုတ်ထွင်ခြင်းနှင့် ပေါင်းပင်များ ရှင်းလင်း ခြင်း ကိုရပ်နား ထားလျှက်ရှိသည်။ သွင်းအားစုအများအပြားထည့်သွင်း ရသောကြောင့် ရရှိလာသော သီးနှံ များ ရောင်းချပါက ရရှိလာသောဝင်ငွေသည် အမြတ်မကျန်ဘဲ အရင်းအတိုင်းသာ ရရှိပါသည်။ သီဟိုဠ်ပင် များကို စီးပွားဖြစ်စိုက်ပျိုး လုပ်ကိုင်ခြင်းမရှိပေ။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | - | - | |
| လက်တွန်းထွန်စက် | - | - | |
| အစေ့ချ ကိရိယာ | - | - | |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | |
| ရိတ်သိမ်းစက် | - | - | |
| ခြွေလှေ့စက် | - | - | |
| ရေစုပ်စက် | ၆ | - | ကိုယ်ပိုင် |
| ခြေနင်းရေတင်စက် | - | - | |
| မြက်ရိတ်စက် | ၁၆ | - | ကိုယ်ပိုင်သုံးကြသည်။ |
| ဆေးဖျန်းစက် | - | - | |
| အခြား | - | - | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် စိုက်ပျိုးရေးအတွက်အသုံးပြုသော ရေစုပ်စက်၊ မြက်ရိက်စက်တို့ကို အသုံးများသောကြောင့် ကိုယ်ပိုင်အနေဖြင့်သာ ဝယ်ယူထားကြသည်။ မြက်ရိတ်စက် များကို ငှားရမ်းလုပ်ကိုင်ခြင်းမရှိဘဲ အလုပ်သမားခေါ်ယူ၍ (၁) ဧကလျှင် (၄၅၀၀၀) ကျပ်ဖြင့် လုပ်သား ခေါ်ယူငှားရမ်းအသုံးပြုလျှက်ရှိသည်။ စီးပွားဖြစ် ငှားရမ်းလုပ်ကိုင်ခြင်းမရှိပေ။ ရေစုပ်စက်များကိုလည်း နွေကာလမီးကြိုတင်ကာကွယ်မှု အနေဖြင့် ဝယ်ယူထားခြင်းသာဖြစ်သည်။

## (၅) သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ရာသီဥတုအနေအထား | |
| လယ်ယာမြေအသုံးချနိုင်မှု | မြေနေရာရှိသော်လည်း ငွေအရင်းအနှီးမရှိသောကြောင့် မချဲ့ထွင်နိုင်၊ မြေဩဇာကောင်းမွန်သော်လည်း ပေါင်းသတ်ဆေး အနည်းအကျင်းအသုံးပြု |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
| --- | --- |
| စိုက်ပျိုးမြေအရင်းအမြစ် | မိုးရေတစ်မျိုးတည်းသာအသုံးပြုကြသည်။ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | စိုက်ပျိုးရေးသုံးပစ္စည်းများကိုဘုတ်ပြင်းသို့မဟုတ်ကျေးရွာတွင်းဝယ်ယူ |
| သဘာဝမြေဆွေး/အော်ဂဲလ်နစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | |
| ဓါတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာနှင့်အခြားဓါတုဗေဒသွင်းအားစုများ | |
| လုပ်သားရရှိနိုင်မှု | |
| နည်းပညာဝန်ဆောင်မှုများ | |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကွမ်းပင်စိုက်ပျိုးရာတွင် သဘာဝဓာမြေဩဇာသော်လည်းကောင်း၊ ဓာတုမြေဩဇာများကို သီးသန့်ထည့်၍စိုက်ပျိုးခြင်းမရှိပေ။ ဥယျာဉ်ခြံစိုက်ပျိုးသော အိမ်ထောင် စုများသည် ကွမ်းသီ:ပေါ်ချိန် (၃) လလောက်သာရှိ၍ ကျန်အချိန်များတွင် မိသားစုစားဝတ်နေ ရေးအတွက် ကွမ်းသီးကြိုပေးစနစ်ဖြင့် ထောင်ကဲထံတွင် ငွေများကြိုတင်ယူထား သောကြောင့် ကွမ်းသီးပေါ်ချိန်တွင် ယူထားသောငွေမှ အတိုးပြန်လည်ပေးဆပ်ရခြင်း၊ ဈေးကောင်းမရရှိခြင်း တို့ကြောင့် ရရှိသည့် အမြတ်နည်းပါးပါသည်။ မိုးကာလတွင်လည်း ကွမ်းသီးများမိုးစိုခြင်း တို့ခြင်းတို့ကြောင့် ဈေးကောင်း မရရှိခြင်း တို့များကြုံတွေ့ရသည်။နွေကာလတွင်လည်းကွမ်းပင် ရေပက်ဖြန်းမှုများ လိုအပ်သောကြောင့် ရေစုပ်စက်များ လည်းလိုအပ်လျှက်ရှိသည်။မိုးကာလတွင်ကွမ်းသီးမှိုစွဲကပ်ခြင်းတို့ကြောင့် ၎င်းတို့ကိုကာကွယ်ရန် နည်းပညာနှင့် သင်တန်းများလည်း လိုအပ်လျှက်ရှိသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
| --- | --- |
| ရာသီဥတုအနေအထား | မိုးများသည့်ဒေသဖြစ်ပါသည်။ |
| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
| လယ်ယာမြေအသုံးချနိုင်မှု | ရေငန်ဝင်ရောက်သောကြောင့် မြေဆီလွှာမကောင်းပါ။ |
| စိုက်ပျိုးမြေအရင်းအမြစ် | - |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | - |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | စပါးနှင့်ကွမ်းဖျက်ပိုးများကျရောက်မှုရှိပါသည်။ |
| သဘာဝမြေဆွေး/အော်ဂဲလ်နစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | |

| | |
|---|---|
| ဓါတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာ နှင့်အခြားဓါတုဗေဒသွင်းအားစုများ | |
| လုပ်သားရရှိနိုင်မှု | တစ်ဦးနှင့်တစ်ဦး နီးနှောဖလှယ်စိုက်ပျိုးခြင်း |
| နည်းပညာဝန်ဆောင်မှုများ | ငွေကြေးအရင်းအနှီးနှင့် နည်းပညာများလိုအပ် |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | ဘုတ်ပြင်း၌ အဓိကရောင်းချ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ရှဉ့်နှင့်ကြွက်များဖျက်ဆီးပါသည်။ ရောဂါပိုးများကျရောက်မှုမရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် လက်ရှိဥယျာဉ်ခြံများကိုသာ အဓိကထားစိုက်ပျိုးလျှက်ရှိသည်။ တိုးချဲ့စိုက်ပျိုးရန် မြေနေရာများရှိသော်လည်း ငွေကြေးအရင်း အနှီးမရှိခြင်းတို့ကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ခြင်းမရှိပေ။ ကွမ်းပင်များတွင် ရောဂါပိုးကျရောက် မှုမရှိသော်လည်း ရှဉ့်ကိုက်ဖျတ်စီးမှုတို့ကြောင့် အပင်အမြောက်အများ ဆုံးရှုံးမှုများရှိသည်။ တစ်ခါတစ်ရံ ကွမ်းပင်၏အဓိကဖြစ်သော ကွမ်းဖူးများကို ဖြတ်စီးမှုတို့ကြောင့် ကွမ်းပင်များ သေဆုံးမှုအထိဖြစ်သည်။ စိုက်ပျိုးရာတွင်လည်း တစ်ဦးနှင့်တစ်ဦး နီးနှောဖလှယ် မှုများဖြစ်စိုက် ပျိုးလျှက်ရှိသည်။ ဥယျာဉ်ခြံမြေသည် ငွေကျေးအရင်းအနှီး စိုက်ထုတ် မှုများသော ကြောင့် အတိုးနှုန်းသက်သာသောငွေကြေးများလည်း လိုအပ်လျှက်ရှိသည်။

### (ခ-၂) မွေးမြူရေးလုပ်ငန်း

### (၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| နွား | | | - |
| နို့စားနွား | - | - | - |
| မြင်း | - | - | - |
| ကျွဲ | □ | □ | တစ်နိုင်တစ်ပိုင် |
| မြည်း | - | - | - |
| လား | - | - | - |
| ဆိတ် | - | - | - |
| သိုး | - | - | - |
| ဝက် | ၄ | ၁၀ | တစ်နိုင်တစ်ပိုင် |
| ကြက် | ၁၂ | ၇၆ | တစ်နိုင်တစ်ပိုင် |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| ဘဲ | - | – | – |
| နွားနောက် | - | - | - |
| အခြား | - | - | - |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | - |
| ပုဇွန်ကန် | - | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | - |
| ကမ်းနီး ငါးဖမ်းလုပ်ငန်း | ၆၈ | – | အဓိကအသက်မွေးမှု |
| အခြား | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် အိမ်ထောင်စုအများစုသည် ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျှက်ရှိသည်။ ဝက်၊ ကြက်၊ ကျွဲ များကို တစ်နိုင်တစ်ပိုင်မွေးမြူလျှက်ရှိသည်။ မွေးမြူရေးလုပ်ကိုင်ပါကလည်း ပိုမိုအဆင်ပြေမှုများရှိသည်။

## (၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စီးပွားဖြစ်မွေးမြူရန် မြေနေရာခက်ခဲလျှက်ရှိသည်။ |
| ရေရရှိမှု | ကျေးရွာရေပေးမှုရှိသောကြောင့်လုံလောက်မှုရှိ (၁)ပေပါ ၁ဝဝဝကျပ် |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | ဝယ်ယူရန်မလွယ်ကူ |
| ဈေးငွေ | မွေးမြူရေးနှင့် ပတ်သတ်သောဈေးငွေမရရှိဖူး |
| သွင်းအားစု ဈေးကွက် | သားကောင်ပေါက်ဝယ်ယူရန်ခက်ခဲမှုရှိ |
| နည်းပညာ ဝန်ဆောင်မှု | သားကောင်ပေါက်နှင့် ငွေကြေးအရင်းအနှီးများလိုအပ် |
| ထုတ်ကုန် ရောင်းဝယ်မှု | ကျေးရွာအတွင်း၌သာရောင်း |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | ပင်လယ်ရွာဖြစ်သောကြောင့် မြေနေရာမရှိပါ။ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား | |
| ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု | ပုဇွန်၊ ဂဏန်းများနည်းပါးလာသည်။ |
| ချေးငွေ | မရှိ။ |
| သွင်းအားစု လက်လှမ်းမီမှု | သူဌေးထံ၌ လိုအပ်သောပစ္စည်းများယူ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | မရှိ။ |
| ထုတ်ကုန် ရောင်းဝယ်မှု | မရှိ။ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | ရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် ဂဏန်း၊ ပုဇွန်၊ ငါးများကို စီးပွားဖြစ်မွေးမြူရန်နေရာခက်ခဲမှုများရှိသည်။ စိမ့်စမ်းရေမှ ရေပေးဝေထားသောကြောင့် လုံလောက်မှုရှိသည်။ ၁ပေပါ (၁၀၀၀) ကျပ်ပေးရသည်။ မိုးကာလတွင် လုံလောက်မှုရှိသော်လည်း နွေကာလတွင် တစ်ခါတစ်ရံ ရေထွက်နည်းသောကြောင့် ရေရရှိမှုလည်းနည်းပါးလျှက်ရှိသည်။ လိုအပ်သောသားကောင်ပေါက်ဝယ်ယူရန်လည်း ခက်ခဲလျှက်ရှိသည်။

**(၃) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာနှင့် စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | ဌာနဆိုင်ရာမှ ချေးငွေမရှိ။ သဌေးထံချေးဌား |
| ကူးစက်ရောဂါဖြစ်ပွားမှု | ရောဂါကျရောက်မှုနည်း၊ဒီရေအတက်အကျကြောင့်ရေနစ်သေဆုံးမှုရှိ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မွေးမြူရန် နည်းပညာမသိ။ မိရိုးဖလာအတိုင်းမွေးမြူ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | စီးပွားဖြစ်မွေးမြူပါက မြေနေရာခက်ခဲမှုရှိ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | ဒေသတွင်းငါးဖမ်းသူများသာရှိသည်။ လိုင်စင်ဖြင့်ဖမ်းသူမရှိပါ။ |
| ချေးငွေ ရရှိနိုင်မှု | ချေးငွေရရှိမှုမရှိပါ။ သူဌေးထံမှ ချေးဌားမှုရှိ |

| ပြဿနာနှင့် စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ထုန်ကုန်များ ရောင်းချနိုင်မှု | ရွာတွင်းရေလုပ်ငန်းရှင်များထံသို့ရောင်းချကြသည်။ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် အိမ်ထောင်စုအများစုသည် ရေလုပ်ငန်းကို သာလုပ်ကိုင်ကြပြီး အနည်းစုသည် မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင် သူများလည်း ရှိသည်။ ယခင်ကာလများတွင် မွေးမြူရေကို အများအပြားလုပ်ကိုင်သော်လည်း ယခုအခါသေဆုံး မှုများသောကြောင့် မွေးမြူလုပ်ကိုင်သူနည်းပါးလျှက်ရှိသည်။ ရောဂါကျရောက်မှုတို့ကြောင့် သေဆုံးမှုမရှိဘဲ ဒီရေအတက်အကျ ရှိခြင်းတို့ကြောင့် ရေနစ်သေဆုံးမှုများရှိသည်။ အိမ်ထောင်စု အများစုသည် စီးပွားဖြစ်မွေးမြူ လုပ်ကိုင်ခြင်း မရှိသော်လည်း ငွေကြေးအရင်းအနှီးနှင့် မြေနေရာခက် ခဲမှုတို့ကြောင့် မွေးမြူလုပ်ကိုင်သူနည်းပါးကြသည်။ ရေလုပ်ငန်းတွင်လည်း အများစုသည် ဂဏန်း၊ ပုဇွန် လုပ်ငန်းကိုသာအဓိကထားလုပ်ကိုင်ကြသည်။ ရေလုပ်ငန်းအတွက်လိုအပ်သော ပိုက်၊ ဂဏန်းခုတ်၊ ပိုက်တိုကို ကျေးရွာအတွင်းရှိ ထောင်ကဲထံတွင် ယူလေ့ရှိပြီး ရရှိလာသော ဂဏန်း၊ ပုဇွန်တို့ကို ထောင်ကဲထံတွင် ပြန်လည်းရောင်းချရလျှက်ရှိသည်။ ယူထားသော ပိုက်၊ ဂဏန်းခုတ် တို့ကုန်ကျသောငွေ ပမာဏတို့နုတ်ပြီးမှသာလျှင် ပိုသောငွေကိုသာပေးလေ့ရှိသည်။ ရေလုပ်ငန်းအတွက်လုပ်ကိုင်စားသောက်ရန် လုပ်ကွက်ရှိသော်လည်း ငွေအရင်းအနှီးမတည်ပေးမည်သူ နည်းပါးခြင်းတို့ကြောင့် တွင်တွင်ကျယ်ကျယ်လုပ်ကိုင်နိုင်ခြင်း မရှိပေ။ အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများလည်း လိုအပ်လျှက်ရှိသည်။

### (ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့် အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အားရရှိနိုင်မှု | ရေလုပ်ငန်းလုပ်ကိုင်သောကြောင့် လုပ်သားအင်အားရှားပါးခြင်း။ |
| လယ်ယာသားငါးထွက်ကုန်မဟုတ်သောအခြားဒေသ ထွက်ကုန်များကို ရောင်းချ ဈေးကွက်ရှိခြင်း | ကွမ်းသီး/ရာဘာဈေးကွက်များ ရရှိပါသည်။ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ရေတက်ရေကျရှိခြင်းတို့ကြောင့် တစ်ခါတစ်ရံ သွားလာရခက်ခဲ |
| ကုန်ကြမ်းရရှိမှုအခြေအနေ | ရေထွက်ကုန်ကြမ်းများ အသင့်အတင့် ပေါ်များပါသည်။ (ငါး၊ ရေနူ၊ ကဏန်း၊ပုဇွန်........) |
| လျှပ်စစ်မီး ရရှိမှုအခြေအနေ | ကျေးရွာတွင်လျှပ်စစ်မီးသွယ်တန်းမှုရှိပါသည်။ |
| ချေးငွေရရှိမှုအခြေအနေ | |

| | |
|---|---|
| အသက်မွေးဂမ်းကျောင်းနည်းပညာဆိုင်ရာနှင့်အသေးစား၊ အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဂန်ဆောင်မှု ရရှိမှုအခြေအနေ | |
| အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော(သို့)အသက်မွေး ဝမ်းကျောင်းပြုနိုင်သောပညာတစ်ခုခုကို တတ်မြောက်မှု အခြေအနေ | |
| အလုပ်အကိုင်အခွင့်အလမ်း | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လက်မှုလုပ်ငန်းလုပ်ကိုင်သူနည်းပါးလျှက်ရှိသည်။ အများစုသည် ရေလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်လျှက်ရှိသည်။ အသက်မွေးဝမ်းကျောင်းနှင့် ပတ်သတ်သောသင်တန်းများကို ကျေးရွာအုပ်စုမှ အကြောင်းကြားမှုများလည်းရှိသည်။ ပင်လယ်ဒေ သဖြစ်သောကြောင့် တစ်ခါတစ်ရံသွားလာရ ခက်ခဲလျှက်ရှိသည်။

## (၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အသက်မွေးဂမ်းကျောင်း နည်းပညာ ဂန်ဆောင်မှု ရရှိမှုအားနည်းခြင်း | နည်းပညာရရှိမှုမရှိခြင်း၊ သင်တန်းတက်ချင်သူပေါ်များ |
| အရင်းအနှီးမလုံလောက်ခြင်း | အရင်းအနှီးလုံလောက်မှုနည်းပါး |
| အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း | ရေလုပ်ငန်းအလုပ်သာလုပ်ငန်းသာလုပ်ကိုင်လျှက်ရှိ |
| ပညာတတ်မြောက်မှု နည်းပါးခြင်း | ကျေးရွာတွင်းမူလတန်းကျောင်းသာရှိ |
| လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | အချိန်မှီမသွားလာနိုင် ရေချိန်အပေါ်မူတည်သည်။ |
| လျှပ်စစ်မီး မရရှိခြင်း | ကျေးရွာတွင်လျှပ်စစ်မီး(၆)နာရီမှ(၁၀)နာရီအထိသာရရှိပါသည်။ |
| ဈေးကွက်ဆိုင်ရာ အသိရှိမှု နည်းပါးခြင်း | ကုန်စည်အမျိုးအစားအလိုက် ဈေးကွက်အခြေအနေနှင့် ဈေးနှုန်းသိရှိမှုရှိ သည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းတွင် အလုပ်လုပ်နိုင်သူ ဦးရေများပြားလျှက်ရှိသည်။ အများစုသည် သက်လတ်ပိုင်းဦးရေများပြားသောကြောင့် လက်မှုလက်ငန်းသော်လည်း ၊ စက်မှုလုပ်ငန်းနှင့် ပတ်သတ်သောသင်တန်းများ စီစဉ်ပေးပါကလည်း တက်ရောက်ချင်သူများပြား လျှက်ရှိသည်။ လမ်းပန်း ဆက်သွယ်ရေးမှာ ရေချိန်ပေါ်မူတည်သောကြောင့် တစ်ခါတစ်ရံခက်ခဲ မှုများရှိသည်။ ကျေးရွာတွင် မူလတန်း ကျောင်းအဆင့်သာရှိသောကြောင့် အလယ်တန်း၊အထက်တန်းရောက်ပါကဘုတ်ပြင်းမြို့တွင်သာ သွားရောက် တက်မှုများရှိသည်။တစ်ချို့အိမ်ထောင်စုများသည်ငွေကြေးမတတ်နိုင်သောကြောင့်မူလတန်းနှင့်ကျောင်းထွက် သည်က များသည်။

## (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သား ရှိသော အိမ်ထောင်စုနှင့် လူဦးရေ | ၁ | ၁ | ၁ | ၂ | | | | ၁ | ၁ | ၂ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၆ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထက် | ၁ | ၁ | ၁ | ၂ | - | - | - | ၁ | ၁ | ၁ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကွန်တောင်ကျေးရွာတွင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူ အိမ်ထောင်စု (၁) စုရှိသည်။ ကျား (၁) ဦး၊ မ(၁) ဦးရှိသည်။ ပညာရေးဝန်ထမ်းများ ဖြစ်သောကြောင့် တစ်ခြားဒေသတွင် တာဝန်ထမ်းဆောင်နေရခြင်း ဖြစ်သည်။

### (ဂ-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၂ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | လူမှုရေး/ကျန်းမာရေးကိစ္စများကြောင့် | - |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင်(သို့)အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | |

